# ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၁၁) ရက်နေ့၌ အွန်လိုင်းမှတစ်ဆင့် ကျင်းပခဲ့သည့် ရွေးချယ်ရေးလုပ်ငန်းခွဲကော်မတီအစည်းအဝေးမှတ်တမ်း

## ၁။ ရည်ရွယ်ချက်

ရွေးချယ်ရေးလုပ်ငန်းခွဲကော်မတီအစည်းအဝေးအား Systematic Disclosure Feasibility Study Consultant အတွက် လျှောက်ထားလာသော Proposal များအား အမှတ်ပေးရွေးချယ်ရန် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်သည်။

## ၂။ အစည်းအဝေးတက်ရောက်သူများစာရင်း

အစည်းအဝေးသို့ အစိုးရကဏ္ဍ ကိုယ်စားလှယ် (၄) ဦး၊ လုပ်ငန်းရှင်ကိုယ်စားလှယ် (၃) ဦး၊ အရပ်ဘက်ကဏ္ဍ ကိုယ်စားလှယ် (၄) ဦး၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ MOBD မှ (၃) ဦး၊ ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းမှ (၂) ဦး၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ (၅) ဦး ၊ စုစုပေါင်း ၂၁ ဦး (ကျား - ၁၄ ဦး၊ မ - ၇ ဦး) တက်ရောက်ခဲ့သည်။ အစည်းအဝေးတက်ရောက်သူစာရင်းအသေးစိတ်အား နောက်ဆက်တွဲ (၁) တွင် ဖော်ပြထားပါသည်။

## ၃။ Systematic Disclosure Feasibility Study Consultant အတွက် လျှောက်ထားလာသော Proposal များအား အကဲဖြတ်စိစစ်ရွေးချယ်ရန် ဆွေးနွေးခြင်း

(၁) စီမံကိန်းမန်နေဂျာ ဦးနေမင်းမောင်က စတင်မိတ်ဆက်တင်ပြရာ၌ ယနေ့ ရွေးချယ်ရေးလုပ်ငန်းခွဲကော်မတီအစည်းအဝေး၌ Systematic Disclosure Feasibility Study အတွက် Consultant ရွေးချယ်နိုင်ရေးအား ဆွေးနွေးကြရမည်ဖြစ်ပါကြောင်း၊ အချို့ကိုယ်စားလှယ်များအနေဖြင့် Score Sheet များအား ဖြည့်သွင်း၍ ပေးပို့ထားခြင်းရှိပါကြောင်း၊ မဖြည့်သွင်းရသေးသည့် ကိုယ်စားလှယ်များအနေဖြင့်လည်း ယနေ့အစည်းအဝေးတွင် ဖြည့်သွင်းပေးပို့ကြရန်လည်း တိုက်တွန်းခဲ့သည်။

(၂) ထို့နောက် USAID-TIGA မှ ဒေါ်တာရာမောင်က တင်ပြရာ၌ လျှောက်ထားလာသည့်အဖွဲ့များအနေဖြင့် နောက်ဆုံး အခြေအနေအရ နှစ်ဖွဲ့ရှိကြောင်း၊ အဆိုပါအဖွဲ့များအနက် ပထမအဖွဲ့သည် Yever ဖြစ်ပြီး Thibi ဆိုသည့်အဖွဲ့နှင့် Partner အနေဖြင့် ပူးတွဲလျှောက်ထားကြောင်း၊ Thibi အဖွဲ့၏ Founder ဖြစ်သူ ဦးရန်နောင်အုတ်သည် MEITI နှင့် ၂၀၁၈ ခုနှစ်ကတည်းက Data Tools တည်ဆောက်သည့်အတွေ့အကြုံ ရှိခဲ့ဖူးကြောင်း၊ ဝန်ထမ်းအားဖြင့် Yever မှ ၃ ဦးနှင့် Thibi မှ ၃ ဦး၊ စုစုပေါင်း (၆) ဦး ဖြင့် ဆောင်ရွက်မည် ဟု ဆိုထားကြောင်း၊ အချိန်ကာလအားဖြင့် (၇) လ

ယူမည်ဖြစ်ကြောင်း၊ ကုန်ကျစရိတ်အားဖြင့် ကုန်သွယ်ခွန်မပါဘဲ ဒေါ်လာ ၁၀၁,၅၀၀ ဟု တောင်းခံထားကြောင်း၊ အဆိုပါအဖွဲ့နှစ်ဖွဲ့လုံးသည် မြန်မာ နိုင်ငံ၌ Register ပြုလုပ်ထားကြောင်း၊

(၃) ကျန်တစ်ဖွဲ့ဖြစ်သည့် BDO အဖွဲ့သည် EITI နိုင်ငံ ၂၇ နိုင်ငံအတွက် Assignment ပေါင်း ၁၀၀ ကျော် ဆောင်ရွက်ထားသည့်အတွေ့အကြုံရှိပြီး နယ်ပယ်လေ့လာသတ်မှတ်ခြင်း၊ စာရင်းတိုက်ဆိုင်စစ်ဆေးခြင်း နှင့် EITI Secretariat နှင့် Reporting entity များအား စွမ်းဆောင်ရည်မြှင့်တင်သည့် အတွေ့အကြုံများရှိထားကြောင်း၊ ဝန်ထမ်းဦးရေအားဖြင့် ၆ ဦးရှိမည်ဖြစ်ပြီး ပြည်တွင်းပညာရှင် (၂) ဦး ပါမည်ဖြစ်ကြောင်း၊ အချိန်အားဖြင့် ၂၄ ပတ် (၆) လခန့်ကြာမည်ဟု ဖော်ပြထားကြောင်း၊ ကုန်ကျစရိတ်အားဖြင့် အခွန်အပါအဝင် ဒေါ်လာ ၄၉,၀၅၀ ကျသင့်မည်ဟု ဆိုထားပြီး UK တွင် မှတ်ပုံတင် ထားသည်ကို တွေ့ရကြောင်း၊ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း ရှိ၊ မရှိ မသေချာကြောင်းလည်း တင်ပြဆွေးနွေးခဲ့သည်။

(၄) ဆက်လက်၍ ကိုယ်စားလှယ် ၆ ဦးနှင့် USAID-TIGA (Nathan Associates) တို့က Score Sheet နှင့် Declaration Form များတွင် ဖြည့်သွင်း၍ အမှတ်ပေးရွေးချယ်ရာ၌ Yever (Thibi) အနေဖြင့် 563 နှင့် BDO အနေဖြင့် 495 မှတ် ရရှိခဲ့သည်။

(၅) အမှတ်ပေးရွေးချယ်မှုအရ Yever (Thibi) အပေါ် ဦးစားပေး၍ အမှတ်ပေးရသည့် အကြောင်းရင်းနှင့်စပ်လျဉ်း၍ အစိုးရကိုယ်စားလှယ် ဦးကျော်သက်က ဆွေးနွေးရာ၌ နိုင်ငံတကာ IA များနှင့်ဆောင်ရွက်ခဲ့ရာတွင် အစီရင်ခံစာများပြုစုခဲ့ရာ၌ စိတ်တိုင်းမကျခဲ့ရသည်ကများရကြောင်း၊ Local Partner ရှိသော်လည်း အဆိုပါ ပြည်တွင်းမှပညာရှင်များသည်လည်း များသောအားဖြင့် အထောက်အပံ့ ကောင်းကောင်း မဖြစ်ကြောင်း၊ Yever အနေဖြင့် EITI နှင့်အတူလက်တွဲ ဆောင်ရွက်သည့် အတွေ့အကြုံ ရှိသဖြင့် ကောင်းမွန်စွာ ဆောင်ရွက်နိုင်မည်ဟု ယူဆကြောင်း ဆွေးနွေးခဲ့သည်။

(၆) လုပ်ငန်းရှင်ကိုယ်စားလှယ် ဦးခင်မောင်ဟန်ကလည်း အစိုးရကိုယ်စားလှယ်၏ ဆွေးနွေးချက် အပေါ် ထောက်ခံဆွေးနွေးခဲ့ပြီး ကုန်ကျစရိတ်အားဖြင့် ညှိနှိုင်း၍ ရနိုင်မည်ဖြစ်ကြောင်း၊ နည်းပညာဆိုင်ရာ ကိစ္စများလည်း ညှိနှိုင်းသင့်ကြောင်းလည်း ဆွေးနွေးခဲ့သည်။

(၇) အရပ်ဘက်ကိုယ်စားလှယ် ဦးသန့်ဇင်ကလည်း အကယ်၍ ဘဏ္ဍာရေးအနေဖြင့် အခက်အခဲ မရှိပါက ရွေးချယ်သင့်သည်ဟု မြင်ကြောင်း၊ အချို့အဖွဲ့များသည် ကုန်ကျစရိတ် နည်းသော်လည်း အရည်အသွေး ပိုင်း၌ မိမိတို့ လိုချင်သလို မဖြစ်ပါကလည်း အဆင်မပြေကြောင်း၊ အကယ်၍ တွေ့ဆုံ၍ နည်းပညာကိစ္စရပ်များတင်ပြယင်းဖြင့် ဘတ်ဂျက်ပမာဏအား တစ်ပါတည်း ညှိနှိုင်းနိုင်ပါက ဆုံးဖြတ်လို့ရမည်ဖြစ်ကြောင်းလည်း ဆွေးနွေးခဲ့သည်။

# ရွေးချယ်ရေးလုပ်ငန်းခွဲကော်မတီအစည်းအဝေး
# ဆုံးဖြတ်ချက်များ

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၁၁) ရက် virtual Meeting

| စဉ် | ဆုံးဖြတ်ချက်များ | တာဝန်ရှိသူ | ဆောင်ရွက်မည့်အချိန် |
|---|---|---|---|
| ၁။ | Systematic Disclosure Feasibility Study Consultant အတွက် အမှတ်ပေးရွေးချယ်စိစစ်မှုအရ အမှတ်အများဆုံးရရှိသည့်အဖွဲ့ (Yever-Thibi) အား ကနဦး ရွေးချယ်ရန် သဘောတူသည်။<br>• နည်းပညာပိုင်း၊ ဘဏ္ဍာရေး ပိုင်းများနှင့်ပတ်သက်၍ အမှတ်အများဆုံးရရှိသည့်အဖွဲ့အား အင်တာဗျူးတွေ့ဆုံ မေးမြန်းခြင်းပြုလုပ်ရန်<br>• အင်တာဗျူးတွေ့ဆုံရာတွင် အဆိုပါအဖွဲ့မှ နည်းပညာနှင့် ဘဏ္ဍာရေးအပိုင်းများအား Presentation တင်ပြပေးရန်၊ Cost Proposal အတွက် ညှိနှိုင်းရန်နှင့် အင်တာဗျူးအတွက် လိုအပ်သည့်အကြောင်းအရာများအား ချိတ်ဆက်ညှိနှိုင်းရန်<br>• အင်တာဗျူးမေးခွန်းများအား NCS မှ ကော်မတီဝင်များထံ ကြိုတင်ပေးပို့ရန် | Selection Sub-committee ၊ NCS ၊ Nathan Associates | နောက်အပတ် |

နောက်ဆက်တွဲ (၁) အစည်းအဝေးတက်ရောက်သူများစာရင်း (ကျား - ၁၄ ဦး၊ မ - ၇ ဦး၊ စုစုပေါင်း - ၂၁ ဦး)

| စဉ် | အမည် | ရာထူး/တာဝန် | ဌာန/အဖွဲ့အစည်း |
|---|---|---|---|
| **အစိုးရကဏ္ဍ** | | | |
| ၁ | ဦးကျော်သက် | DDG | DOM |
| ၂ | ဒေါ်ဝင်းဝင်းကြူ | Deputy Director/Alternate Member | OGPD |
| ၃ | ဦးကျော်ဇေယျာထွန်း | AD/Alternate Member | DOM |
| ၄ | ဦးစိုးသူဝင်း | Deputy In Charge/Observer | OGPD |
| **လုပ်ငန်းရှင်ကဏ္ဍ** | | | |
| ၅ | ဦးခင်မောင်ဟန် | Chair | MFMA |
| ၆ | ဒေါ်ဥမ္မာဝင်း | Head of Public Relation and Communication | TOTAL E&P Myanmar |
| ၇ | ဒေါ်မေသက်စုဦး | PSC & Partner Reporting Supervisor | TOTAL E&P Myanmar |
| **အရပ်ဘက်ကဏ္ဍ** | | | |
| ၈ | ဦးရဲလင်းမြင့် | MSG | MATA |
| ၉ | ဦးသန့်ဇင် | MSG | MATA |
| ၁၀ | ဦးထူးအောင် | NC/Alternate Member | MATA |
| ၁၁ | ဦးဘုန်းပြည့်ကြွယ် | PC/Alternate Member | MATA |
| **ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ EITI ဌာနခွဲ (MOBD)** | | | |
| ၁၂ | ဦးဇော်ဟိန်းထွန်း | ဒုတိယညွှန်ကြားရေးမှူး | MOBD |
| ၁၃ | ဒေါ်စုကြည်ထွေး | ဦးစီးအရာရှိ | MOBD |
| ၁၄ | ဒေါ်ပေရယ်အောင်လွင် | ဦးစီးအရာရှိ | MOBD |
| **ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ** | | | |
| ၁၅ | ဒေါ်ရှိုအိအိထွန်း | Deputy Chief of Party | USAID-TIGA |
| ၁၆ | ဒေါ်တာရာမောင် | Natural Resource Governance Lead | USAID-TIGA |
| **မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး (MEITI-NCS)** | | | |
| ၁၇ | ဦးနေမင်းမောင် | Acting Program Manager/Technical Coordinator | MEITI-NCS |
| ၁၈ | ဦးကျော်သင်းမောင် | Program Officer | MEITI-NCS |
| ၁၉ | ဦးထွန်းပေါ်ဦး | Technical Specialist | MEITI-NCS |

| | | | |
|---|---|---|---|
| ၂၀ | ဦးဟိန်းထက်စိုး | Technical Officer | MEITI-NCS |
| ၂၁ | ဦးဇင်ကိုကိုအောင် | Communication Officer | MEITI-NCS |